

# အို အချင်း ရဲဘော်တို့



သူတို့ဖက်က
ပစ်ခတ်သည့် စစ်တပ်ရှိ၏
ရက်စက်မည့် လက်နက်လည်းရှိ၏
ညစ်ပတ်သော စိတ်ဓါတ်လည်း ရှိသေး၏
မညှာတာသည့် အာဏာလည်း ရှိလေ၏
မသမာသည့် မာယာလည်း ရှိပြန်၏။

ကျွန်ုပ်တို့ဖက်က
ဘာမထီသည့် အာဇာနည်တွေရှိ၏
အသိန်းအသောင်း သူရဲကောင်းတို့လည်း ရှိ၏
အမှန်တရား လက်ကိုင်လည်း ထားကြ၏
မယိမ်းမယိုင် စိတ်ဓါတ်လည်း ခိုင်မာလှ၏
ကိုယ်ကျိုးမဖက် ဖွဲ့သတ္တိလည်း ပြည့်ပါပေ၏။



အို--အချင်း
ရဲဘော်တို့

ပြည်သူတို့က
သူတို့ကို ရွံရှာ ငါတို့ကို ကြင်နာ၏
သူတို့ကို မျက်မုန်းကျိုးပြီး ငါတို့ကို အားကိုး၏
ပြည်သူ့နှလုံး ယူငင်ကျိုး
သူတို့ကို ဖယ်ချကာ ပြည်သူကို ကယ်မကြကုန်စို့
ဘာကိုရွံ့ နောက်တွန့်ဖို့ မလိုပြီ
ဓမ္မဟူသည် အဓမ္မကို နိုင်သည်သာတည်း။



အို--- အချင်း
ရဲဘော်တို့



မကောင်း 'စစ်' ကို ဖျောက်အံ့
အကောင်း 'ခေတ်'ကို ရောက်လတံ့။

သူရိန်ထက်
၂၀၀၇။ ဇန်နဝါရီ